# ရန်ကုန်ရဲအက်ဥပဒေ

# ရန်ကုန်ရဲအက်ဥပဒေ

(အက်-၄/၁၈၉၉)

ပုဒ်မ ၁

ရန်ကုန်ရဲအက်ဥပဒေသည် မဟာရန်ကုန်နယ်နိမိတ်အတွင်းတွင် အာဏာသက်ရောက်သည်။

ပုဒ်မ ၅(၁)

တိရိစ္ဆာန်ဆိုသည်မှာ ဆင်၊ ကုလားအုပ်၊ မြင်း၊ လား၊ သိုး၊ ဆိတ်နှင့် ဝက်များကို ဆိုလိုသည်။

ပုဒ်မ ၅(၂)

ပြည်သူ့ရဲတပ်ဖွဲ့ဆိုသည်မှာ ဤအက်ဥပဒေအရ ခန့်ထားခြင်းခံရသူကို ဆိုလိုသည်။

ပုဒ်မ ၅(၃)

ဈေးဆိုင်ဆိုသည်မှာ ကုန်ရောင်းမှု ပြုလုပ်သောနေအိမ်၊ ကုန်ပစ္စည်းဆိုင်၊ ဈေးဆိုင်များကို ဆိုလိုသည်။

ပုဒ်မ ၅(၃)(က)

လက်အောက်ရာထူးအဆင့်ဆိုသည်မှာ ရဲအုပ်ကြီးမှ ရဲတပ်သားအဆင့် အထိ နှစ်ခုစလုံးပါဝင်သည်။

ပုဒ်မ ၅(၄)

ယာဉ်ဆိုသည်မှာ ဘီးတပ်ထားသော ခရီးသွားယာဉ် ကုန်တင်ယာဉ် များကို ဆိုလိုသည်။ ကလေးလက်တွန်းလှည်း မပါဝင်ပါ။

ပုဒ်မ ၇

ရန်ကုန်တိုင်းပြည်သူ့ရဲတပ်ဖွဲ့မှူးကို နိုင်ငံတော်သမ္မတက ခန့်ထားသည်။ နိုင်ငံတော်သမ္မတသည် ရန်ကုန်တိုင်းပြည်သူ့ရဲတပ်ဖွဲ့ကို တိုက်ရိုက်ကွပ်ကဲ အုပ်ချုပ်သည်။

ပုဒ်မ ၈(၁)

ရန်ကုန်တိုင်းပြည်သူ့ရဲတပ်ဖွဲ့မှူးသည် ငြိမ်ဝပ်ပိပြားရေး၊ မှုခင်းကာကွယ် ရေးများနှင့် ပတ်သက်၍ ပြစ်မှုကျူးလွန်သူများအား စုံစမ်းဖမ်းဆီးခြင်း၊ ချုပ်ထားခြင်း အာဏာများရှိပါသည်။

ပုဒ်မ ၈(၂)

ဒုတိုင်းပြည်သူ့ရဲတပ်ဖွဲ့မှူးသည် တိုင်းပြည်သူ့ရဲတပ်ဖွဲ့မှူး ရသည့်အာဏာ များကို ဆောင်ရွက်နိုင်သည်။

ရန်ကုန်တိုင်းပြည်သူ့ရဲတပ်ဖွဲ့မှူးသည် လက်နက်လိုင်စင်ထုတ်ပေးခြင်း၊ ဖျက်သိမ်းခြင်း၊ ရပ်ဆိုင်းခြင်းများကို ဆောင်ရွက်နိုင်သည်။

ပုဒ်မ ၈(၅)

လက်နက်အက်ဥပဒေပုဒ်မ ၁၃(၁) အရ တရားစွဲတင်သည့် အမှုများတွင် လက်နက်အက်ဥပဒေပုဒ်မ ၂၉ အရ တရားစွဲတင်ခွင့်အမိန့်ဆိုင်ရှင်ပေးနိုင်သည်။

ပုဒ်မ ၈(က)

ရဲအုပ်ကြီးများသည် လောင်းကစားအက်ဥပဒေပုဒ်မ ၆ ၊ ၆-က အရ လောင်းကစားဝိုင်းဖမ်းဆီးဝရမ်းကို ထုတ်ပေးနိုင်သည်။

ပုဒ်မ ၁၁

ရန်ကုန်တိုင်းပြည်သူ့ရဲတပ်ဖွဲ့ဝင်များအား ရန်ကုန်ရဲအက်ဥပဒေအရ ခန့်ထားခြင်း ဖြစ်သည်။

ပုဒ်မ ၁၄

ရန်ကုန်တိုင်းပြည်သူ့ရဲတပ်ဖွဲ့ဝင်များသည် ရန်ကုန်တိုင်းပြည်သူ့ရဲတပ်ဖွဲ့ မှူး၏ စာဖြင့် ခွင့်ပြုချက်မရရှိဘဲ မိမိရာထူးအဆင့်မှ တပါးအခြားရာထူး အဆင့်များကို လက်ခံဆောင်ရွက်ခြင်းမပြုရ။

ပုဒ်မ ၁၅

ရန်ကုန်တိုင်းပြည်သူ့ရဲတပ်ဖွဲ့ဝင်များသည် အမြဲတမ်းတာဝန်ချိန်ဖြစ်၍ မဟာရန်ကုန်နယ်နိမိတ်အတွင်း မည်သည့်ဒေသကျင်မဆို ရဲတာဝန်များကို ထမ်းဆောင်ကြရမည်။

ပုဒ်မ ၁၆

ရန်ကုန်တိုင်းပြည်သူ့ရဲတပ်ဖွဲ့ဝင်များသည် ဥပဒေအရ ညွှန်ကြားချက် ပေးနိုင်သူများမှ တရားသဖြင့် ညွှန်ကြားချက်များ ဝရမ်းများကို လိုက်နာခြင်း၊ အတည်ပြုခြင်းများ ပြုလုပ်ရမည့်အပြင် အောက်ပါတာဝန်ဝတ္တရားများကိုလည်း ဆောင်ရွက်ရမည်-

(၁) ပြည်သူ့ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်စေမည့်သတင်းများကို စုဆောင်းအစီရင်ခံခြင်း။

(၂) ပြစ်မှုများနှင့် ပြည်သူ့အနှောင့်ယှက်မှုများကို တားဆီးခြင်း။

(၃) ပြစ်မှုကျူးလွန်သူများအား ပေါ်ပေါက်အောင်စုံစမ်းပြီး တရား ဥပဒေအတိုင်း အပြစ်ရရှိအောင် ဆောင်ရွက်ခြင်း

(၄) ဖမ်းဆီးရန်အကြောင်းလုံလောက်သူများနှင့် တရားဥပဒေအရ ဖမ်းဆီးပိုင်ခွင့်ရှိသူအားလုံးကို ဖမ်းဆီးခြင်း။

(၅) အများပြည်သူတို့ ဝင်ထွက်သွားလာနေသည့် နေရာများတွင် လူစုလူဝေးနှင့် စီတန်းလှည့်လည်ခြင်းများကို ထိန်းသိမ်းကြပ်မတ်ပေးခြင်း။

(၆) အများပြည်သူတို့သွားလာရာ လမ်းကြီး၊ လမ်းငယ်များပေါ်တွင် ယာဉ်၊ ရထား အသွားအလာကို ကြပ်မတ်ခြင်းနှင့် လမ်းများပေါ် တွင် တားဆီးပိတ်ဆို့နေသောအရာများကို ဖယ်ရှားခြင်း။

(၇) အများပြည်သူများကို ဝင်ထွက်သွားလာသည့်နေရာများတွင် လည်းကောင်း၊ အများပြည်သူတို့ သွားလာပျော်ရွှင်ရာနေရာ များတွင်လည်းကောင်း၊ ပွဲလမ်းသဘင်များတွင်လည်းကောင်း အိန္ဒြေသိက္ခာစောင့်စည်းမှုကို ထိန်းသိမ်းခြင်း။

(၈) ပိုင်ရှင်မပေါ်သော(သို့မဟုတ်)ပျောက်ဆုံးသောပစ္စည်းများကို ကာကွယ်စောင့်ရှောက်ခြင်းနှင့် ပိုင်ရှင်များကို လိုက်လံရှာဖွေခြင်း။

(၉) အထိန်းအကျောင်းမရှိသော တိရစ္ဆာန်များကို ဖမ်းဆီး၍ တိရစ္ဆာန်ထောင်တွင် ချထားခြင်း။

(၁၀) အလေးအချိန်၊ အတိုင်းအတာ၊ တင်းတောင်းများကို စစ်ဆေးခြင်း။

(၁၁) မီးသင့်လောင်သည့်အခါ လူ့အသက်နှင့်ပစ္စည်းများကို မီးဘေးမှ ကာကွယ်စောင့်ရှောက်ရာတွင် ကူညီခြင်း။

(၁၂) ပြည်သူပိုင်ပစ္စည်းများ မဆုံးရှုံးစေရန်(သို့မဟုတ်)မပျက်ဆီးစေရန် ကာကွယ်စောင့်ရှောက်ခြင်း။

(၁၃) ပြည်သူ့တရားရုံးများတွင် ငြိမ်ဝပ်ပိပြားရေး မပျက်ဆီးစေရန် ပြည်သူ့တရားစီရင်ရေးအဖွဲ့များအား ကူညီခြင်း။

(၁၄) အချုပ်တရားခံများအား ထွက်မပြေးနိုင်စေရန် စောင့်ခြင်း၊ ကြပ်မတ်ပို့ဆောင်ခြင်း။

(၁၅) ပြည်သူ့တရားသူကြီးအဖွဲ့က အထူးညွှန်ကြားသည့်အခါ လူဖမ်း ဝရမ်းများအတည်ဖြစ်အောင် ဆောင်ရွက်ခြင်းနှင့် သမ္မာန်စာ၊ နို့တစ်စာများ ချအပ်ပေးရခြင်း။

ပုဒ်မ ၁၇

ဤရန်ကုန်ရဲအက်ဥပဒေပုဒ်မ ၁၁ အရ ခန့်ထားခဲ့သော ရဲအရာရှိများ သည် အလုပ်စတင်ထမ်းရွက်ခဲ့သည်မှ (၁၈)လ မပြည့်သေးလျှင် (သို့တည်းမဟုတ်)

အလုပ်မှ နုတ်ထွက်မည့်အကြောင်း နှစ်လကြိုတင်၍ လျှောက်ထားခြင်းမပြုလျှင် ပြည်သူ့ရဲတပ်ဖွဲ့မှ နုတ်ထွက်ခွင့်ကို ခွင့်ပြုမည် မဟုတ်။

ပုဒ်မ ၁၈

ဤအက်ဥပဒေပုဒ်မ ၁၁ အရ ခန့်ထားခြင်းခံရသည့် ရဲအရာရှိအဖြစ်မှ ရပ်စဲလျှင် ၎င်းအား တာဝန်ဆောင်ရွက်နိုင်ရန် အပ်နှင်းထားသော ခန့်စာ စိစစ်ရေးကဒ်နှင့် အခြားပစ္စည်းများကို လက်ထောက်တိုင်းပြည်သူ့ ရဲတပ်ဖွဲ့မှူး(သို့မဟုတ်) တိုင်းပြည်သူ့ရဲတပ်ဖွဲ့မှူးသို့ ချက်ချင်းပေးအပ် ရမည်။ ဤသို့ပေးအပ်ရန် ပေါ့လျော့ခြင်း(သို့မဟုတ်)ငြင်းဆန်ခြင်းကို ကျူးလွန်လျှင် ထောင်(၆)လအထိ ထောင်ဒဏ်(သို့မဟုတ်)၂၀၀/-အထိ ငွေဒဏ်(သို့မဟုတ်)ဒဏ်နှစ်ရပ်စလုံး စီရင်နိုင်သည်။

ပုဒ်မ ၁၉

မိမိ(သို့မဟုတ်)အခြားသူသည် ရဲအရာရှိအဖြစ် ရာထူးရရန်အတွက်သော်လည်းကောင်း၊ ရာထူးမှ နုတ်ထွက်ရန်အတွက်သော်လည်းကောင်း သိလျက်နှင့် လိမ်လည်ပြုမူခြင်းကို ကျူးလွန်လျှင်(၃)လအထိထောင်ဒဏ် (သို့မဟုတ်)၁၀၀/-ထိ ငွေဒဏ်(သို့မဟုတ်)ဒဏ်နှစ်ရပ်စလုံး စီရင်နိုင်သည်။

ပုဒ်မ ၂၀

မည်သည့်ရဲအရာရှိမဆို-

(က) ဤအက်ဥပဒေပုဒ်မ ၁၄ ပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်၍ အခြား အလုပ်အကိုင် လုပ်ကိုင်ခြင်း။

(ခ) ဤအက်ဥပဒေပုဒ်မ ၁၇ ပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်၍ အလုပ် တာဝန်များမှ ပျက်ကွက်ခြင်း။

(ဂ) ခွင့်ရက်ကုန်ပြီးနောက် လုံလောက်သောအကြောင်းမရှိဘဲ အလုပ် ခွင့်သို့ ပြန်မဝင်ခြင်း။

(ဃ) အာဏာပိုင်မှထုတ်ပြန်သည့် တရားဝင်အမိန့်(သို့မဟုတ်)နည်း ဥပဒေကို တမင်ချိုးဖောက်ခြင်း (သို့မဟုတ်) လစ်လျူရှုခြင်း (သို့မဟုတ်)တာဝန် ဝတ္တရားများ ပျက်ကွက်ခြင်းဖြင့် အပြစ်ရှိခြင်း။

(င) သူရသတ္တိကင်းမဲ့ခြင်းဖြင့် အပြစ်ရှိခြင်း။

(စ) မိမိအချုပ်တွင်ရှိသော ဖမ်းဆီးထားသူအား အကြောင်းမဲ့အကြမ်း အတမ်းပြုမူခြင်း၊ ညင်းပန်းနှိပ်စက်ခြင်းများကို ကျူးလွန်လျှင် (၃)လ အထိ ထောင်ဒဏ်(သို့မဟုတ်)၎င်း၏(၃)လခထက်မပိုသော ငွေဒဏ်(သို့မဟုတ်) ဒဏ်နှစ်ရပ်စလုံး စီရင်နိုင်သည်။

ပုဒ်မ ၃၀

အောက်ဖော်ပြပါသူများအား မည်သည့်ရဲအရာရှိကမဆို ဝရမ်းမပါဘဲ ဖမ်းဆီး နိုင်ပြီး ၎င်းတို့အား ထောင်ဒဏ်(၃)လအထိ ထောင်ဒဏ်အဖြစ် ပေးနိုင်သည်-

(က) ဘေးအန္တရာယ်ဖြစ်စေနိုင်သော (သို့မဟုတ်) ပြစ်မှုကျူးလွန်ရန် အသုံးပြုနိုင်သော လက်နက်တစ်စုံတစ်ရာနှင့်တွေ့ရှိ၍ မေးမြန်း ရာတွင် ထိုသို့သော လက်နက်တို့ကို မည်သည့်အကြောင်းကြောင့် ကိုင်ဆောင်သယ်ယူလာရကြောင်းကို ကျေနပ်လက်ခံနိုင်လောက်သော အကြောင်းမပြ မပြောနိုင်သူ။

(ခ) နေဝင် နေထွက်စပ်ကြား ညအချိန်အတွင်း မည်သည့်ဈေး၊ ဖြတ်လမ်း၊ လမ်းကျယ်၊ လမ်းမကြီး၊ ခြံမှစ၍ အခြားဒေသတို့တွင် ပုန်းလျှိုး(သို့မဟုတ်) လှည့်ပတ်သွားလာနေသည်။ ၎င်းက ထိုကဲ့သို့ လှုပ်ရှားသွားလာနေမှုနှင့် ပတ်သက်၍ ကျေနပ်လက်ခံနိုင်လောက် အောင် အကြောင်းပြထုချေခြင်း မပြုနိုင်သော် သူခိုးဟု ကျော်စောသတင်းရှိသူ။

(ဂ) မျက်နှာဖုံးအုပ်၍သော်လည်းကောင်း နှပ်ဖျက်၍သော်လည်း ကောင်း၊ နေဝင် နေထွက်စပ်ကြား သွားလာနေသည်ကို တွေ့ရပြီး ၎င်းက ထိုသို့ ပြုမူခြင်းကို ကျေနပ်လက်ခံနိုင်သော အကြောင်းပြချက်မပေး၊ မပြောနိုင်သူ။

(ဃ) မည်သည့် နေအိမ်၊ အဆောက်အဦး အတွင်းတွင်သော် လည်းကောင်း၊ အခြားမည်သည့်အဆောက်အဦးများတွင်သော် လည်းကောင်း၊မည်သည့် နောက်ဖေးလမ်းကြားတွင်သော် လည်းကောင်း၊ မည်သည့်ရေယာဉ်ပေါ်တွင် လည်းကောင်း တွေ့ရှိရပြီး ထိုသို့ရောက်ရှိနေသောအကြောင်းကို ကျေနပ်လက်ခံနိုင် လောက်အောင် အကြောင်းပြနိုင်ခြင်းမရှိသူ။

( င) အဆောက်အဦးကို ဖောက်ဖွင့်၊ ဖောက်ခွဲရာတွင် သုံးသော တန်ဆာပလာ ကိရိယာများကို လက်ဝယ်တွေ့ရှိပြီး တရားသဖြင့် ၎င်းပိုင်ပစ္စည်း အကြောင်းကို ကျေနပ်လက်ခံနိုင်လောက်အောင် အကြောင်းပြဖြေဆိုနိုင်ခြင်းမရှိသူ။

ပုဒ်မ ၃၁

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၀ တွင် ပြဋ္ဌာန်းထားသည့် ခိုးရာပါပစ္စည်းဟု သဘောသက်ရောက်နေသည့် ပစ္စည်းမျိုးဖြစ်လိမ့်မည်ဟု မသင်္ကာဖွယ် ရာပစ္စည်းများကို ပိုင်ဆိုင်ထားသူ(သို့မဟုတ်)ဤသို့မသင်္ကာဖြစ်လောက် ဖွယ်ရာ အခြေအနေဖြင့် သယ်ယူပို့ဆောင်သွားကြောင်း တွေ့ရှိရမည့် သူကို တွေ့၍ ထိုသူက အဆိုပါပစ္စည်းများကို မည်သို့ တရားသဖြင့် ပိုင်ဆိုင်ကြောင်းကို ကျေနပ်လက်ခံနိုင်လောက်အောင် ရှင်းလင်းတင်ပြ နိုင်ခြင်းမရှိက ထောင်ဒဏ်(၃)လသော်လည်းကောင်း၊ ငွေဒဏ်သော် လည်းကောင်း၊ ဒဏ်နှစ်ရပ်စလုံးသော် လည်းကောင်း စီရင်နိုင်သည်။

ပုဒ်မ ၃၁(က)

ဤအက်ဥပဒေပုဒ်မ ၃၀ ၊ ၃၁ အရ အပြစ်ဒဏ်ချမှတ်ခြင်းခံခဲ့ရပြီးသူသည် ကောင်းမွန်စွာကျင့်ကြံနေထိုင်စေရန်အတွက် ပြည်သူ့တရားစီရင်ရေးအဖွဲ့သည် အဆိုပါသူအား တစ်နှစ်ထက်မပိုသော ကာလအတွင်း ကိုယ်တိုင်ခံဝန်ချုပ်နှင့်ဖြစ်စေ၊ ခံဝန်သူနှင့်ဖြစ်စေ ခံဝန်ချုပ်ပြုလုပ်ရမည်။

ဤဥပဒေသည် ပုဒ်မ ၃၁(က)ကို စီရင်ရာတွင် မြန်မာနိုင်ငံရာဇသတ်ဥပဒေ ပုဒ်မ ၁၂၀ မှ ၁၂၆ အထိ၊ ၅၁၄-၅၁၅ များကို ဆောင်ရွက်သည့်အတိုင်း ဆောင်ရွက်ရမည်။

ပုဒ်မ ၃၂

မည်သည့်ရဲအရာရှိမဆို ဤအက်ဥပဒေပုဒ်မ ၁၆ အရ ပြည်သူ့ရဲတာဝန်များကို ဆောင်ရွက်ရာတွင် ပြည်သူ့ဈေးငွေဌာနများ၊ လိုင်စင်ရတည်းခို ရိပ်သာများ၊ အများ ဝင်ထွက်သွားလာနေသောနေရာ အိမ် အဆောက်အဦးများ၊ အရက်ဆိုင်များနှင့် အကျင့်စာရိတ္တမကောင်းသူတို့ ဝင်ထွက် သွားလာသည့်နေရာများကို ဝရမ်းမပါဘဲ ဝင်ရောက်စစ်ဆေးကြည့်ရှု စုံစမ်းနိုင်သည်။

ပုဒ်မ ၃၆

မည်သည့်ရဲအရာရှိမဆို ဤဥပဒေအရ အစေးယူဖမ်းဆီးရာတွင် တစ်စုံတစ်ယောက်သောသူသည် ဥပဒေနှင့်အညီ ဖမ်းဆီးသည်ကို မဖွယ်မရာ ပြောဆိုခြင်း၊ ခုခံခြင်းများပြုလုပ်လျှင် ၂၀၀/-ထက်မပိုသော ဒဏ်ငွေ စီရင်နိုင်သည်။

ပုဒ်မ ၃၆(က)

မည်သည့်ရဲအရာရှိမဆို-

(၁) မည်သူမဆို ဤအက်ဥပဒေအရ မိမိရှေ့တွင် ကျူးလွန်သဖြင့် ၎င်း၏အမည်၊ နေရပ်လိပ်စာများကို မေးမြန်းရာ ၎င်းနေရပ်လိပ်စာ အမှန်ကို

မပြောလျှင် (သို့မဟုတ်) ၎င်းပြောသည့် နေရပ်လိပ်စာ မှန်ကန်ဟုထင်လျှင် ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်သည်။

(၂) ၎င်းသူ၏ နေရပ်လိပ်စာအမှန်ကို သိရလျှင် ကိုယ်တိုင်ဝန်ခံဖြင့် ဖြစ်စေ၊ ခံဝန်သူများနှင့်ဖြစ်စေ အာမခံပေးရမည်။

(၃) အပိုဒ်ခွဲ(၁)အရ ဖမ်းဆီးရသူအား ခံဝန်မပေးလျှင် ၂၄ နာရီအတွင်း သက်ဆိုင်ရာ တရားသူကြီးအဖွဲ့ရှေ့သို့ တင်ပို့ရမည်။

ပုဒ်မ ၄၁

မည်သူမဆို အောက်ဖော်ပြပါအများပြည်သူ၏ အား နှောင့်ယှက်မှုများကို လမ်းများ၊ အများပြည်သူတို့ ဝင်ထွက်သွားလာသော နေရာများတွင် ပြုလုပ်ကျူးလွန်လျှင် ၅၀/-ထက်မပိုသော ငွေဒဏ်ကိုသော် လည်းကောင်း (၈)ရက်ထက်မပိုသော ထောင်ဒဏ်ကိုသော်လည်းကောင်း စီရင်နိုင်သည်။

ပုဒ်မ ၄၁(၁)

ရန်ကုန်တိုင်းပြည်သူ့ရဲတပ်ဖွဲ့မှူး၏ ခွင့်ပြုချက်မရရှိဘဲလျက် ဆင် (သို့မဟုတ်)တိရစ္ဆာန်ရိုင်း တစ်ကောင်ကောင်ကို စီးခြင်း၊ မောင်းခြင်း၊ ဆွဲယူသွားခြင်းစသော ပြစ်မှုကိုကျူးလွန်သူ။

ပုဒ်မ ၄၁(၂)

နေဝင်ပြီးနောက် နာရီဝက်နှင့် နေမထွက်မီ နာရီဝက်အကြား အချိန် ကာလအတွင်း လုံလောက်ကျနစွာ တပ်ဆင်ထားသော မီး တစ်စုံတစ်ရာ မရှိသော မည်သည့်ယာဉ်မျိုးကိုမဆို မောင်းနှင်စီးနင်းသွားသူ။

ပုဒ်မ ၄၁(၃)

လုံလောက်သော အကြောင်းတစ်စုံတစ်ရာမရှိဘဲလျက် လမ်း၏လက်ဝဲဘက်နံ့ဘေးကပ်၍သော်လည်းကောင်း၊ လမ်းနံဘေး၌ကပ်၍သော် လည်းကောင်း ယာဉ်အမျိုးမျိုးကို မောင်းနှင်စီးနင်းသွားခြင်း(သို့မဟုတ်) တိရိစ္ဆာန်တစ်ကောင်ကောင်ကို စီးနင်းသွားလာစေခြင်းဖြင့် လူတစ်ဦး တစ်ယောက်အား ကားဆီးပိတ်ဆို့မှု၊ အသွားအလာကြပ်တည်းစေမှု၊ အန္တရာယ်ဖြစ်စေမှု၊ ပျက်စီးစေမှု စသည်တို့ကိုဖြစ်စေသူ။

ပုဒ်မ ၄၁(၄)

မည်သည့်ယာဉ်မျိုး(သို့မဟုတ်)တိရိစ္ဆာန်တစ်မျိုးမျိုးကိုမဆို မဆင်မခြင် (သို့မဟုတ်) ကြမ်းတမ်းစွာ စီးနင်းမောင်းနှင်သူ။

ပုဒ်မ ၄၁(၅)

လူတစ်ဦးတစ်ယောက်အား ပိတ်ဆို့မှု၊ အသွားအလာကြပ်တည်းစေမှု၊ အန္တရာယ်ရှိစေမှု၊ ပျက်စီးစေမှု စသည်တို့ကိုဖြစ်စေလောက်အောင်-

(က) မြင်း(သို့မဟုတ်)အခြားတိရိစ္ဆာန်တစ်ကောင်ကောင်ကို ငှားရမ်းခြင်း (သို့မဟုတ်)ရောင်းရန်(သို့မဟုတ်)ပြပွဲဖြင့်ထားရန် စီမံထားခြင်း။

(ခ) မြင်း(သို့မဟုတ်)အခြားတိရိစ္ဆာန်တစ်ကောင်ကောင်ကို သန့်ရှင်းခြင်း (သို့မဟုတ်)ပြုပြင်ခြင်း(သို့မဟုတ်)ဆေးကြောခြင်းပြုသောသူ။

(ဂ) မတော်တဆထိခိုက်ပျက်ဆီးမှု ဖြစ်ရသဖြင့် လိုအပ်သည့်အတိုင်း ပြုပြင်/ပြင်ဆင်ခြင်းမဟုတ်ဘဲ ရထား စသည်တို့ကို ပြုလုပ် (သို့မဟုတ်) ပြင်ဆင်သူ။

(ဃ) မြင်း(သို့မဟုတ်)အခြားတိရစ္ဆာန်တစ်ကောင်ကောင်ကို လေ့ကျင့်သူ (သို့မဟုတ်)လွှတ်ထားသူတို့အားသော်လည်းကောင်း၊ သို့ရာတွင် ပြည်သူ့ရဲတပ်ဖွဲ့က ခွင့်ပြုသည့်အချိန်နှင့် နေရာမှတစ်ပါး အထက်ပါ အတိုင်း ကျူးလွန်သူ။

ပုဒ်မ ၄၁(၆)

လူဘစ်ဦးတစ်ယောက်အား အကျိုးပျက်စီးစေမှု တားဆီးပိတ်ပင် နှောင့်ယှက် စေမှုတို့ကို ဖြစ်စေသော ကျွဲ၊ နွား တိရစ္ဆာန်တို့ကို ပေါ့လျော့စွာဖြင့်သော် လည်းကောင်း၊ အမှားမှားအယွင်းယွင်း ကိုင်တွယ်၍သော်လည်းကောင်း မမှန်မကန်သော ပင်ကိုယ်လုပ်ရှားမှုဖြင့်သော်လည်း ကောင်း၊ မောင်းနှင်သွားလာ သူများနှင့် ထိန်းသိမ်းစောင့်ရှောက်သူများ။

ပုဒ်မ ၄၁(၇)

မြင်း၊ လှည်း၊ ရထားစသည်များကို ကိုင်တွယ်အုပ်ချုပ်ရပါလျက် ၎င်းတို့ကို မိမိ၏ကြီးကြပ်အုပ်ချုပ်မှုဖြင့် ကင်းလွတ်သော အကွာအဝေးတွင် ပစ်ထားခဲ့သော သူများ။

ပုဒ်မ ၄၁(၈)

ခွင့်မပြုသောနေရာတွင် ကုန်ပစ္စည်းတင်ရန် (သို့မဟုတ်) ချရန် အချိန် မှုသာ မဟုတ်ဘဲ ပို၍ကြာမြင့်စွာဖြင့် မြင်းနှင့် ကျွဲနွားတိရိစ္ဆာန်များ တပ်ဆင်၍ဖြစ်စေ၊ မတပ်ဆင်ဘဲဖြစ်စေ၊ လှည်းများ ရထားများ လမ်းပေါ်တွင် အတားအဆီး အပိတ်အဆို့ဖြစ်လောက်အောင် လှည်း ရထားမြင်း (သို့မဟုတ်) အခြားတိရိစ္ဆာန်များကို ချည်နှောင်ထားသူများ (သို့မဟုတ်)တစ်ကြိမ်လျှင် (၂)ကောင်ထက်ပို၍ ကျွဲ၊ နွားများကို မောင်းနှင် ယူဆောင်သွားသူများ။

ပုဒ်မ ၄၁(၉)

မြေလမ်းပေါ်တွင် မြင်းနှင့် အခြားတိရိစ္ဆာန်များကို မောင်းနှင်သွားလာ သူ (သို့မဟုတ်) ထိုသို့သော မြေလမ်းပေါ်တွင် ယာဉ်၊ ရထား တစ်မျိုးမျိုး ကို စွဲငင် စီးနင်းမောင်းနှင်သွားလာသူ (သို့မဟုတ်) မြေလမ်းကို ဖြတ်သန်း ပိတ်ဆို့၍ တိရိစ္ဆာန်တစ်ကောင်ကောင်ကို ချည်နှောင်ထားသူ။

ပုဒ်မ ၄၁(၁၀)

ရန်ကုန်မြို့စီပယ်အက်ဥပဒေအရ ကုန်တင် ကုန်ချရေးအတွက် ခွင့်ပြု ထားသော အချိန်ထက် ကျော်လွန်၍ လမ်းမ၊ မြေလမ်း စသည်တို့ ပေါ်တွင် မည်သည့် ကုန်ပစ္စည်းများကိုမဆို ထားရှိခြင်းအားဖြင့် လူသူများအား အတားအဆီး အနှောင့်အယှက်ဖြစ်စေသောသူ။

ပုဒ်မ ၄၁(၁၁)

ရန်ကုန်တိုင်းပြည်သူ့ရဲတပ်ဖွဲ့မှူးက အခါကာလအားလျော်စွာ ခွင့်ပြုသော အချိန်များနှင့် နေရာ အလုပ်များမှအပ အခြား အချိန်အခါနေရာ၊ အရပ်များတွင် လူတစ်ဦးတစ်ယောက်အား အနှောင့်အယှက်ဖြစ်စေ လောက်အောင် ဘင်မောင်း စသည်တို့ကို တီးသောသူ (သို့မဟုတ်) ခရုသင်း၊ ခရာ လေမှုတ်ကိရိယာ စသည်များကို မှုတ်သူ (သို့မဟုတ်) ကြေး/အိုးခွက် စသည်များကို တီးခေါက်သူများ။

ပုဒ်မ ၄၁(၁၂)

ရန်ကုန်မြို့နယ်ပယ်အတွင်း၌ အခြား ပြဋ္ဌာန်းချက်နှင့် မကိုက်ညီသည့်အပြင် အာဏာပိုင်အဖွဲ့အစည်းများ၏ သဘောတူညီမှုမရှိဘဲ မီးများ၊ မှန်အိမ် များ ထွန်းညှိချိတ်ဆွဲထားရန်၊ အများပြည်သူသွားလာနေသော လမ်းမ ပေါ်တွင် တိုင်များ (သို့မဟုတ်) အခြားပစ္စည်းများ စိုက်ထူထားသူ။

ပုဒ်မ ၄၁(၁၃)

ရေချိုးရန်အတွက် သီးခြားသတ်မှတ်သောနေရာ၊ မဟုတ်သည့်နေရာ၊ အရပ်တွင် ရေချိုးခြင်း၊ ဆေးကြောခြင်း၊ အဝတ်လျှော်ခြင်း ပြုလုပ်သူ။

ပုဒ်မ ၄၁(၁၄)

မိမိကိုယ်ကိုမိမိ မထိန်းသိမ်းနိုင်လောက်အောင် မူးယစ်သောက်စား သောင်းကျန်းဆူပူနေသူ။

ပုဒ်မ ၄၁(၁၅)

မိမိကိုယ်အင်္ဂါကို တမင်သက်သက်ရှိင်းပြစွာ လှစ်ဖေါ်ထားသူ(သို့မဟုတ်) ဤကဲ့သို့သော အပြုအမူမျိုး အပန်းဖြေသူ လမ်းဘေး သေးပေါက်သူ။

ပုဒ်မ ၄၁(၁၆)

ငြိမ်ဝပ်ပိပြားရေးကို ပျက်ပြားအောင်သော်လည်းကောင်း၊ အများပြည်သူ တို့အား အနှောင့်အယှက်ဖြစ်စေအောင်သော်လည်းကောင်း ကာအိခြေ ပျက်ပြားအောင် ပြုလုပ်သူ၊ မိမိကိုယ်ကို ထိန်းသိမ်းမှုမရှိဘဲ ပြုမူနေထိုင်သူ၊ ဆဲရေးတိုင်းထွာသူ မခြေမင်ထိခိုက်စေရန် ပြောဆိုသူ၊ ရိုင်းရိုင်းကြမ်းတမ်းစွာ ပြောဆိုသူ၊ ကိုယ်အမူအရာဖြင့် ပြုလုပ်သူ၊

ပုဒ်မ ၄၁(၁၇)

မြောင်း၊ ဂျိုင့်၊ ရေတွင်းနှင့် ပတ်သက်၍ မိမိထိန်းသိမ်းပြုပြင်ရန် တာဝန်ရှိသူသည် အများပြည်သူ အန္တရာယ်မဖြစ်စေအောင် ကြိုတင် ပြုပြင်ခြင်းမရှိ ကာရံခြင်းမပြုဘဲ ထားရှိသူ။

ပုဒ်မ ၄၁(၁၈)

ဘောလုံး ကန်ခြင်း၊ စွန်လွှတ်ခြင်းနှင့် အခြားကစားနည်းမျိုးကို ပြုလုပ်သူ။

ပုဒ်မ ၄၁(က)

ရန်ကုန်တိုင်းမြို့သူ့ရဲတပ်ဖွဲ့မှူး၏ ခွင့်ပြုမိန့်မရှိဘဲ (သို့မဟုတ်) ခွင့်ပြုမိန့်တွင် ဖော်ပြထားသော စည်းကမ်းသတ်မှတ်ချက်များကို မလိုက်နာဘဲ အသံချဲ့စက် တစ်ခုခုကို အသုံးပြုလျှင် (သို့မဟုတ်) အသုံးပြုရန် ခွင့်ပြုလျှင် ၂၀ိ/ ထက်မများသော ငွေဒဏ် (သို့မဟုတ်) ၁၅ ရက်ထက် မများသော ထောင်ဒဏ် (သို့မဟုတ်) ဒဏ်နှစ်ရပ်စလုံး စီရင်နိုင်သည်။

မှတ်ချက်။ မူရင်းပုဒ်မ ၄၁-က ကို ၁၉၇၅ ခုနှစ်တွင် ပြင်ဆင်ခဲ့ပြီး ဤပုဒ်မအရ ကျူးလွန်သူအား အရေးပိုင်သောအမှု (မှတ်ပုံတင် ၂၀)ဖြင့် တိုက်ရိုက်ဖွင့်အရေးယူ၍ အသံချဲ့စက်နှင့် ကိရိယာများကို သက်သေခံ ပစ္စည်းအဖြစ် သိမ်းဆည်းရမည်။

ပုဒ်မ ၄၁(ခ)

မည်သူမဆို-

(၁) တောင်းရမ်းခြင်း (သို့မဟုတ်) အလှူခံခြင်း။

(၂) လိမ်လည်၍ အလှူခံခြင်း။

(၃) အင်္ဂါချို့ယွင်းခြင်း၊ ကိုယ်အင်္ဂါမကျန်းမာ ချို့ယွင်းခြင်း၊ အနာရောဂါ စွဲကပ်ခြင်းများကို ပြ၍ အလှူခံ/တောင်းရမ်းခြင်းများကို ကျူးလွန်လျှင် ငွေ ၅၀ိ/-ထိသော်လည်းကောင်း၊ တစ်လအထိ ထောင်ဒဏ်သော် လည်းကောင်း၊ ဒဏ်နှစ်ရပ်စလုံးကိုသော် လည်းကောင်း ကျခံစေရမည်။

ပုဒ်မ ၄၂

မည်သူမဆို-

(က) ကောက်ရိုး (သို့မဟုတ်) အခြားအရာများကို မီးရှို့ခြင်းဖြင့် တစ်စုံ တစ်ဦးအား ထိခိုက်အန္တရာယ်ရှိစေခြင်း။

(ခ) မီးပုံးပျံများလွှတ်ခြင်း။

(ဂ) အများသွားရာလမ်းများတွင် မီးရှူးမီးပန်းများလွှတ်ခြင်းများ ကျူးလွန်ပါက ၎င်းအား ငွေ ၅၀/-ထက်မနည်းသော ငွေဒဏ် (သို့မဟုတ်) ၈ ရက်ထက် မပိုသော ထောင်ဒဏ် (သို့မဟုတ်) ဒဏ်နှစ်ရပ်စလုံး ကျခံရစေရမည်။

ပုဒ်မ ၄၃

မည်သူမဆို ခွင့်ပြုချက်မရှိဘဲလျက် ကြော်ငြာများ၊ ပိုစတာများကို နံရံတွင်ကပ်ခြင်း၊ မြေဖြူသင်္ဘောဆေးများဖြင့်ရေးခြင်း၊ အများပိုင်ပစ္စည်း များပေါ်တွင် အလားတူ ပြုလုပ်မှုကျူးလွန်ပါက ငွေ ၅၀/-ထက်မပိုသော ငွေဒဏ် (သို့မဟုတ်) ၈ ရက်ထက်မပိုသော ထောင်ဒဏ် (သို့မဟုတ်) ဒဏ်နှစ်ရပ်စလုံးကျခံစေရမည်။